**THE REPUBLIC OF THE UNION OF MYANMAR**
**MYANMAR INSTITUTE OF CERTIFIED PUBLIC ACCOUNTANTS Inc.**
**(MICPA)**

No.1/19, Tha Khin Mya Garden Street,
Ahlone Township, Yangon.
email- myanmar.micpa@gmail.com
office@micpa.org.mm

Tel: +95 9 31718149
+95 9 401122113
+95 9 401122114

စာအမှတ်၊ MICPA/၂၀၂၂/ ၀၀၃
ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်၊

သို့

အသင်းဝင်များအားလုံး
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

အကြောင်းအရာ။ သတင်းပို့ပုံစံနှင့် သတင်းပို့ပုံစံဖြည့်စွက်ခြင်းဆိုင်ရာရှင်းလင်းချက်များပေးပို့ခြင်း

ရည် ညွှန်း ချက် ။ (၁) ဤအသင်း၏ ၂၁-၆-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ MICPA/၂၀၂၀/ ၅၄
(၂) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ၂၇-၁၂-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၄၃၄၅(၄၄၈၄)/ ၁၄-၀၁/ ဦး၄

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများအရ သံသယဖြစ်ဖွယ်ငွေကြေး/ပစ္စည်းလွှဲပြောင်းမှုများအတွက် သတင်းပို့အဖွဲ့အစည်းများက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ကြရန် ရည်ညွှန်းချက် (၁) ပါ စာဖြင့် အသိပေး အကြောင်းကြားခဲ့ပါသည်။

၂။ ထိုသို့သတင်းပို့ရာတွင်အသုံးပြုရမည့်ပုံစံကို လက်တွေ့ထိရောက်စွာအသုံးနိုင်မည့်ပုံစံသို့ ပြင်ဆင်သတ်မှတ်ကြောင်းကို ရည်ညွှန်းချက် (၂) ပါ စာဖြင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က အသိပေး အကြောင်းကြားလာပါသည်။

၃။ သို့ပါ၍ သံသယဖြစ်ဖွယ်ငွေကြေး/ပစ္စည်းလွှဲပြောင်းမှုများအတွက် သတင်းပို့ရာတွင် အသုံးပြုရမည့်ပုံစံ၊ ထိုပုံစံဖြည့်စွက်ခြင်းဆိုင်ရာရှင်းလင်းချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် ပူးတွဲ ပေးပို့ အကြောင်းကြားအပ်ပါသည်။

ပူးတွဲ ( ၃ ) ရွက်

ဥက္ကဌ(ကိုယ်စား)
(ကြည်ဝင်း၊ ဒုတိယအမှုဆောင်အရာရှိချုပ်)

မိတ္တူ။
- ရုံးလက်ခံ

Scanned with CamScanner

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာသတင်းပို့ပုံစံ

(စာရင်းကိုင်၊စာရင်းစစ်၊ကုမ္ပဏီနှင့်စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုပေးသူများ၊ယုံကြည်အပ်နှံမှုအတွက်ဝန်ဆောင်မှုပေးသူများ)

(ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများ၊ နည်းဥပဒေ ၅၀)

၁။ သတင်းပေးပို့မှုအမှတ်စဉ်/ရက်စွဲ *000X-DD/MM/YY-Company Initials* ။

၂။ ဝန်ဆောင်မှုပေးသည့်အမျိုးအစား ------------------------------------------------

၃။ သတင်းပေးပို့လိုသည့်လုပ်ငန်းတည်ရှိရာနေရာ ------------------------------------------------

၄။ သတင်းပေးပို့လိုသူ၏အမည်၊ မှတ်ပုံတင်အမှတ်၊ တယ်လီဖုန်းအမှတ်၊ အလုပ်အကိုင်၊ လိပ်စာ (သတင်းပေးပို့လိုသူသည် တစ်ဦးထက်ပိုပါက ၎င်းတို့အားလုံး၏ အချက်အလက်များနှင့် တော်စပ်ပတ်သက်ပုံကိုလည်းကောင်း၊ ကုမ္ပဏီ/အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီဆိုင်ရာအချက်အလက်များကိုလည်းကောင်း ဖော်ပြရန်) ။

၅။ ပေးပို့သည့်အကြောင်းအရင်း-

(က) သံသယဖြစ်၍ပေးပို့ခြင်း (သံသယဖြစ်ရသည့်အကြောင်းရင်းအား ရှင်းလင်းဖော်ပြရန်) ။

(ခ) သံသယဖြစ်ဖွယ်ရာ ဆောင်ရွက်ရန် အားထုတ်၍ပေးပို့ခြင်း (သံသယဖြစ်ဖွယ် အားထုတ်ဆောင်ရွက်မှုကို ရှင်းလင်းဖော်ပြရန်) ။

(ဂ) သံသယဖြစ်သည့်ပမာဏ/တန်ဖိုး ------------------------------------------------

(ဃ) ပေးချေသည့်နည်းလမ်း(ရှိလျှင်အသေးစိတ် ------------------------------------------------

ပူးတွဲဖော်ပြရန်) ------------------------------------------------

(၁)ငွေသားဖြင့်ပေးချေခြင်း ------------------------------------------------

(၂) ဘဏ်စနစ်ဖြင့်ပေးချေခြင်း ------------------------------------------------

(កក) ဘဏ်အမည် ------------------------------------------------

(ခခ) ငွေစာရင်းအမှတ် ------------------------------------------------

(၃) အခြား ------------------------------------------------

၆။ အခြားသက်ဆိုင်သည့်အချက်အလက်များရှိပါကပူးတွဲပေးပို့ရန်။

(သတင်းပေးပို့သူ)

| | |
|---|---|
| လက်မှတ်၊------------------------------------ | ကုမ္ပဏီ/အဖွဲ့အစည်းအမည်၊-------------------- |
| အမည်/လိုင်စင်အမှတ်၊---------------------- | လိပ်စာအပြည့်အစုံ၊------------------------------ |
| ဖုန်းနံပါတ်၊------------------------------------- | ------------------------------------------------ |

သတင်းပေးပို့ရန် E-mail: reporting@myanmarfiu.com

သတင်းပေးပို့ရန် MFIU Viber Ph: 09251155033

CONFIDENTIAL

## သတင်းပို့ပုံစံဖြည့်စွက်ခြင်းဆိုင်ရာရှင်းလင်းချက်

သတင်းပို့ပုံစံဖြည့်စွက်ရာတွင် သက်ဆိုင်သူများမှာ စာရင်းကိုင်၊ စာရင်းစစ်လုပ်ငန်းများ၊ ကုမ္ပဏီနှင့်စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုပေးသူများ၊ ယုံကြည်အပ်နှံမှုအတွက် ဝန်ဆောင်မှုပေးသူများမှ ဖြည့်စွက်ရန်ဖြစ်ပါသည်။

၁။ **သတင်းပေးပို့မှုအမှတ်စဉ်/ရက်စွဲ၊** <u>**000X-DD/MM/YY-Company Initials**</u> ။ ဆိုသည်မှာ သတင်းပို့ပုံစံအား ဖြည့်စွက်ပေးပို့သည့် ကုမ္ပဏီ/ ဆိုင်/ ပုဂ္ဂိုလ်မှ မိမိပေးပို့သည့်အမှတ်စဉ်ကို ကိုယ်တိုင် သတ်မှတ်ပေးပို့ရန်ဖြစ်ပါသည်။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကသော်လည်းကောင်း၊ သက်ဆိုင်ရာသတင်းပို့သည့်ကုမ္ပဏီ/လုပ်ငန်းအနေဖြင့်လည်းကောင်း နောင်တွင် ပြန်လည်ညွှန်းဆိုနိုင်ရန်အတွက် အမှတ်စဉ်ကို သတ်မှတ်ပေးရန်လိုအပ်ခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် **A**sia **M**yanmar **Y**adanar Co. က ပထမဦးဆုံး နံပါတ်(၁)သတင်းပို့ချက်ကို ၁၆-၁၁-၂၀၂၁ ရက်နေ့တွင် ပေးပို့ခြင်းဖြစ်ပါက <u>0001-16/11/2021-AMY</u> ဟု သတ်မှတ်ပေးပို့ရန် ဖြစ်ပါသည်။ **သတင်းပို့အမှတ်စဉ်-ရက်စွဲ-ကုမ္ပဏီအတိုကောက်ဖော်ပြချက်**ကို ဖြည့်စွက်ရန်ဖြစ်ပါ သည်။

၂။ **ဝန်ဆောင်မှုပေးသည့်အမျိုးအစား** ။ သတင်းပေးပို့လိုသည့်ကိစ္စနှင့်ပတ်သက်သည့် ဝန်ဆောင်မှုအမျိုးအစားကို ဖော်ပြရန်ဖြစ်ပါသည်။ ဥပမာ- ကုမ္ပဏီတစ်ခုနှင့်ပတ်သက်၍ စာရင်းစစ်အစီရင်ခံစာပြုစုပေးခြင်း၊ စာရင်းရေးသွင်းပေးခြင်းနှင့် ကာလအလိုက်အစီရင်ခံစာများပြုစုပေးခြင်း၊ အခွန်ကိစ္စရပ်များဆောင်ရွက်ပေးခြင်း၊ အခွန်ကိစ္စရပ်များအကြံပြုပေးခြင်း၊ ကုမ္ပဏီ/စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဖျက်သိမ်းခြင်း၊ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ဒေဝါလီခံခြင်း၊ ထိန်းသိမ်းခြင်း၊ အုပ်ထိန်းခွင့်နှင့်ဆက်ခံခြင်းကိစ္စ စသည်ဖြင့် မိမိပေးအပ်သည့် ဝန်ဆောင်မှုအမျိုးအစားကို ဖော်ပြရန်ဖြစ်ပါသည်။

၃။ **သတင်းပေးပို့လိုသည့်လုပ်ငန်း တည်ရှိရာနေရာ**။ အပိုဒ်(၂)ပါ မိမိပေးအပ်သည့်ဝန်ဆောင်မှုအတွက် ဝန်ဆောင်မှုရယူသည့်နေရာ/လုပ်ငန်း/ကုမ္ပဏီတည်ရှိရာနေရာကို ဖော်ပြပေးရန်ဖြစ်ပါသည်။

၄။ **သတင်းပေးပို့လိုသူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ တယ်လီဖုန်းအမှတ်၊ အလုပ်အကိုင်၊ လိပ်စာ**။ မိမိသတင်းပေးပို့လိုသူ/ ကုမ္ပဏီ/ လုပ်ငန်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ တယ်လီဖုန်းအမှတ်၊ အလုပ်အကိုင်၊ လိပ်စာတို့ကိုဖော်ပြပေးရန်ဖြစ်ပါသည်။ သတင်းပေးပို့ခံရမည့်သူသည် တစ်ဦးထက်ပိုပါက ၎င်းတို့အားလုံး၏ အချက်အလက်များနှင့် တော်စပ်ပတ်သက်ပုံကိုလည်းကောင်း၊ ကုမ္ပဏီ/ အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ/ အဖွဲ့အစည်းဆိုင်ရာ အမည်၊ လိပ်စာ၊ လုပ်ငန်းအမျိုးအစား၊ ဖုန်းနံပါတ်၊ အီးမေးလ် လိုင်စင်/မှတ်ပုံတင်အမှတ် စသည့်အချက်အလက်များကိုလည်းကောင်း ဖော်ပြရန်ဖြစ်ပါသည်။

၅။ **ပေးပို့သည့်အကြောင်းအရင်း**။ သတင်းပေးပို့ရာတွင် ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် ဖောက်သည် (Customer or Client) သည် မိမိပေးအပ်မည့် သို့မဟုတ် ပေးအပ်နေသည့် ဝန်ဆောင်မှု

CONFIDENTIAL

အပေါ် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအတွက် အသုံးပြုခြင်း သို့မဟုတ် ဝန်ဆောင်မှု၏ မူလသဘာဝအတိုင်းမဟုတ်ဘဲ တလွဲအသုံးချခြင်း ဆောင်ရွက်နေသည်ဟု သံသယရှိပါက စာပိုဒ်ခွဲ(က)တွင် သံသယဖြစ်ရသည့်အကြောင်းကို ရှင်းလင်းဖော်ပြပေးရန် ဖြစ်ပါသည်။ အကယ်၍ မိမိပေးအပ်ရမည့် ဝန်ဆောင်မှုအပေါ်တွင် တလွဲအသုံးချရန် ကြံရွယ်နေသည့် ကိစ္စမျိုးဖြစ်ပါက စာပိုဒ်ခွဲ(ခ)တွင် သံသယဖြစ်ဖွယ်အားထုတ်ဆောင်ရွက်မှုကို ရှင်းလင်းဖော်ပြပေးရန် ဖြစ်ပါသည်။ ဆက်လက်၍ သံသယဖြစ်ရသည့် သို့မဟုတ် သံသယဖြစ်ဖွယ်ဆောင်ရွက်ရန် ကြံစည်အားထုတ်သည့် ကိစ္စနှင့်ပတ်သက်၍ တန်ဖိုးပမာဏ တွေ့ရှိပါက ယင်းတန်ဖိုးကို စာပိုဒ်ခွဲ(ဂ)တွင် ဖြည့်စွက်ဖော်ပြရန်ဖြစ်ပါသည်။ စာပိုဒ်ခွဲ(ဂ)တွင် ဖြည့်စွက်ထားသည့် တန်ဖိုးနှင့် ပတ်သက်၍ လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် ပေးချေမှုပြုလုပ်ပါက ငွေပေးချေသည့် နည်းလမ်းကို ရွေးချယ်ဖော်ပြရန်ဖြစ်ပါသည်။ ငွေပေးချေရာတွင် နည်းလမ်းပေါင်းစုံပါဝင်ပါကလည်း ၎င်းနည်းလမ်းများနှင့်ပမာဏတို့ကို ဖော်ပြပေးရန်ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ ငွေသားဖြင့် သိန်း တစ်သောင်း၊ ချက်လက်မှတ် ဖြင့် သိန်း တစ်ထောင်၊ Wire Transfer ဖြင့် သိန်း ခြောက်ထောင်၊ ပစ္စည်းခြင်းဖလှယ်မှုက သိန်း ရှစ်ထောင် စသည်ဖြင့် ဝယ်ယူ/ ရောင်းချမှုတစ်ခုအတွက် ပြုလုပ်သမျှသော ငွေပေးချေမှု နည်းလမ်းများအားလုံးကို ပမာဏများနှင့် အတူတွဲ၍ ဖော်ပြပေးရန်ဖြစ်ပါသည်။ ဘဏ်စနစ်မှတစ်ဆင့်ပေးချေမှုများပါဝင်ပါက အဆိုပါဘဏ်နှင့် ငွေစာရင်းတို့ကို ထည့်သွင်းဖော်ပြပေးရန်ဖြစ်ပါသည်။

၆။ **အခြားသက်ဆိုင်သည့်အချက်အလက်များရှိပါကပူးတွဲပေးပို့ရန်**။ သံသယဖြစ်ဖွယ် တွေ့ရှိရသည့် အထောက်အထားများ၊ သတင်းပို့ခြင်းခံရသူ၏ မှတ်ပုံတင်/ လိုင်စင်စသည့် အထောက်အထားများရှိပါက ပူးတွဲပေးပို့ရန်ဖြစ်ပါသည်။

မည်သူမည်ဝါက သတင်းပေးပို့ခြင်းဖြစ်ကြောင်း သိရှိနိုင်ရန်အတွက် ဤပုံစံအားဖြည့်စွက် ပေးပို့သူ/ ကုမ္ပဏီ/ လုပ်ငန်း၏ အချက်အလက်များအား သတင်းပေးပို့သူနေရာတွင် ဖြည့်စွက်ပေးပို့ရန်ဖြစ်ပါသည်။

သတင်းပေးပို့ရာတွင် လျင်မြန်လွယ်ကူစေရန်အတွက် ဖော်ပြပါ E-mail; reporting@myanmarfiu.com လိပ်စာသို့လည်းကောင်း၊ Viber မှတစ်ဆင့်ပေးပို့လိုသူများအတွက် ; MFIU Viber 09 251155033 သို့လည်းကောင်း၊ စာတိုက်မှ လည်းကောင်း နှစ်သက်ရာနည်းလမ်းဖြင့် ပေးပို့နိုင်ပါသည်။

မရှင်းလင်းသည်များရှိပါက သို့မဟုတ် သတင်းပို့ပုံစံ ဖြည့်စွက်ရာတွင်အခက်အခဲရှိပါက ဖုန်း၊ ၀၆၇-၃-၄၂၁၆၇၁ ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ဆက်သွယ်မေးမြန်းရန် ဖြစ်ပါသည်။

CONFIDENTIAL